# ပထမအကြိမ်အမှာစာ

ဤစာအုပ်ကို ပြုစုသူသည် သမိုင်းပညာရှင် မဟုတ်သကဲ့သို့ သမိုင်းကို အမြဲ လေ့လာ သုတေသနပြုနေသော သမိုင်းသုတေသီတစ်ဦးလည်း မဟုတ်ပါ။ သမိုင်းကို စိတ်ပါဝင်စားပြီး သမိုင်းဆိုင်ရာ စာအုပ်၊ စာပေများကို လေ့လာ ဖတ်ရှုနေသည့် စာသင်သားအဆင့် သမိုင်းဝါသနာရှင်တစ်ဦးသာ ဖြစ်ပါသည်။

သမိုင်းပညာရှင် ဆရာကြီး ဒေါက်တာသန်းထွန်းက "သမိုင်းဆိုတာ ရှိရှိသမျှ၊ ဖြစ်ဖြစ်ခဲ့သမျှ လူ့အတွေ့အကြုံတွေအားလုံးကို စုပြီး မှတ်တမ်းတင်ထားတာပဲ...အတိတ်အဖြစ်အပျက်တွေကို မှတ်တမ်း(Record)လုပ်ရတယ်၊ သဘောအဓိပ္ပာယ် အနက်ကောက်ချက် (interpretation) လုပ်ရတယ်၊ ရှေ့ဖြစ်လာနိုင်မယ့် ကိစ္စကို ကြိုတင်မှန်းဆချက် (projection) လုပ်ရတယ်။ မှန်းလို့ရရင် မအ,တော့ဘူးပေါ့။ မအ,ရင် ရှေ့ဘာလုပ်ရမလဲ သိလာတာပေါ့။ အနည်းဆုံးတော့ ခင်ဗျားကို ကျွန်တော် မလိမ်နိုင်တော့ဘူးပေါ့။ ဒီတော့ သမိုင်းတတ်ထားရင် မအ,ဘူး၊ မညံ့ဘူး၊ အနည်းဆုံး အညာမခံရဘူးပေါ့ဗျာ" ဟူ၍ သူ၏ "မြန်မာသမိုင်းနိဒါန်း" စာအုပ်တွင် ဖွင့်ဟရေးသားခဲ့ဖူးပါသည်။

ဤစာအုပ်ကို ပြုစုသူသည် ဆရာကြီး ပြောသကဲ့သို့ မအ,အောင်၊ မညံ့အောင်၊ သမိုင်းဘာသာရပ်ကို လေ့လာ ဖတ်ရှုနေသော သာမန် သမိုင်းစာဖတ်ပရိသတ်တစ်ဦး ဖြစ်ပါသည်။ ဤသို့သော စာသင်သားအဆင့် သမိုင်းဝါသနာရှင် စာဖတ်ပရိသတ်တစ်ဦးက ဤသို့သော စာအုပ်မျိုးကို ပြုစုရေးသား လေ့လာခြင်းသည် အပ်စပ်ကောင်းမှ အပ်စပ်ပါလိမ့်မည်။ သို့ရာတွင် ဤစာအုပ်ကို ပြုစုသူသည် ရည်ရွယ်ချက်လေးရပ်ကြောင့် ဤစာအုပ်ကို မဖြစ်မနေ ကြိုးစားပြီး ပြုစုရေးသားခဲ့ရခြင်း ဖြစ်ပါသည်။

ပထမရည်ရွယ်ချက်မှာ မြန်မာ့သမိုင်းစာအုပ်နယ်ပယ်တွင် ရက်စဉ်မှတ်တမ်းစာအုပ်မျိုး ရှားပါးနေသေးသဖြင့် မြန်မာ့စာပေလောက၏ လိုအပ်ချက် ကွက်လပ်တစ်ခုကို ဖြည့်ဆည်းပေးလိုသော ရည်ရွယ်ချက် ဖြစ်ပါသည်။

မြန်မာသမိုင်းနှင့် ပတ်သက်၍ ရက်စွဲသမိုင်းရေးသည့် လက်ဦးဆရာမှာ ဆရာကြီးဒေါက်တာသန်းထွန်း ဖြစ်သည်ဟုလည်းကောင်း၊ ရက်စွဲသမိုင်းကို အများဆုံးရေးသူဟုလည်းကောင်း၊ ရက်စွဲသမိုင်းသည် ဆရာကြီး၏ အကြိုက်တစ်ခု ဖြစ်သည်ဟုလည်းကောင်း ဖတ်ရှုလေ့လာ သိရှိရပါသည်။ သို့ရာတွင် ဆရာကြီးအကြိုက် ရက်စွဲသမိုင်း စာအုပ်မျိုးကို မြန်မာသမိုင်းစာအုပ်နယ်ပယ်တွင် အတော်ရှားရှားပါးပါး တစ်အုပ်သာ တွေ့ဖူးပါသည်။ ထိုစာအုပ်မှာ ၁၉၆၉ ခုနှစ်တွင် မန္တလေးမြို့ ဗမာ့ခေတ်စာပေ ဖြန့်ချိရေးဌာနမှ ပုံနှိပ်ထုတ်ဝေသော ဦးတိက္ခဓမ္မာလင်္ကာရ ပြုစုသည့် (ဒေါက်တာသန်းထွန်း ကူညီပြုစုသည်) "မြန်မာရက်စွဲသမိုင်း (ကုန်းဘောင်ဆက်)" စာအုပ် ဖြစ်ပါသည်။ ထို သီးသီးသန့်သန့် ရက်စွဲသမိုင်း စာအုပ်မှအပ မြန်မာစာအုပ်လောကတွင် "မြန်မာ့သမိုင်းအဘိဓာန်" စာအုပ်မျိုးများကိုသာ အတွေ့များပါသည်။ သို့ဖြစ်၍ မြန်မာစာပေလောက၏ လိုအပ်ချက် ကွက်လပ်တစ်ခုကို ဤစာအုပ် ရေးသားပြုစုခြင်းဖြင့် ဖြည့်ဆည်းပေးချင်ပါသည်။

ဒုတိယရည်ရွယ်ချက်မှာ သုတေသီများ၊ သမိုင်းစာသင်သားများ၊ သမိုင်းဝါသနာရှင်များအနေဖြင့် အရေးကြီးသည့် သမိုင်းဖြစ်စဉ်ဖြစ်ရပ်တို့ကို ရက်၊ လ၊ ခုနှစ်အလိုက် လွယ်လွယ်ကူကူ ရှာဖွေလေ့လာ ကိုးကားနိုင်မည့် ရည်ညွှန်း ကျမ်းစာအုပ်တစ်အုပ် ဖြစ်လာရန် ဟူသော ရည်ရွယ်ချက် ဖြစ်ပါသည်။

ငယ်စဉ် ကျောင်းစာသင်သားဘဝက သမိုင်းစာဖတ်ရတာ ပျင်းစရာ၊ နိုင်ငံရေးနှင့် ပတ်သက်သည့် အကြောင်းဆို စိတ်မဝင်စား၊ သမိုင်းထဲက ရက်စွဲတွေ၊ ခုနှစ်တွေက မှတ်ရတာ ကျက်ရတာ ခက်လိုက်တာ၊ တော်တော်နှင့် မမှတ်မိနိုင်၊ ကြီးလာသည့်အခါ သမိုင်းသုတေသနသဘော သမိုင်းစာပေများဖတ်ပြီး ကိုးကားချင်ပြန်တော့ အကြောင်းအရာတစ်ခု ဘယ်အခါက ဖြစ်ပျက်ခဲ့တယ် ဆိုသည်ကို လွယ်လွယ်ကူကူ ရှာမတွေ့နိုင်၊ စာမျက်နှာများစွာ လှန်ပြီး ရှာမှ တွေ့ရတော့ အချိန်ကုန် လူပင်ပန်းသည့် ဒုက္ခကို ခံစားခဲ့ဖူးပါသည်။

သို့အတွက် ကျောင်းသားဘဝကတည်းက သမိုင်းဆိုင်ရာ ရက်စဉ်မှတ်တမ်းစာအုပ်မျိုးရှိရင် ကောင်းမှာပဲဟု တောင့်တခဲ့ဖူးပါသည်။ ယခုတော့ မိမိမျှော်လင့်တောင့်တမိသည်ကို မိမိကိုယ်တိုင် အကောင်အထည်ဖော်ခဲ့ရပါသည်။ မိမိရည်ရွယ်ရင်းအတိုင်း စာသင်သားများ၊ သမိုင်းဝါသနာရှင်များအတွက် တစ်စုံတစ်ရာသော အတိုင်းအတာအထိ လွယ်လင့်တကူ ကိုးကားနိုင်မည့် လက်စွဲကျမ်းစာအုပ်အဖြစ် မျှော်လင့်ပါသည်။

တတိယရည်ရွယ်ချက်မှာ မိမိ ယခုပြုစုရေးသားလိုက်သော ရက်စဉ်သမိုင်းကို အခြေခံကာ ယခုထက် ပိုမိုပြည့်စုံကောင်းမွန်မည့် ရက်စဉ်သမိုင်းကြီးကို သမိုင်းပညာရှင်များ၊ သုတေသီများ ဝိုင်းဝန်းပြုစု ရေးသားပေးစေလိုသော ရည်ရွယ်ချက် ဖြစ်ပါသည်။

ဤစာအုပ်ကို ပြုစုသူသည် ရသမျှ အချိန်တိုအတွင်း မိမိတွင် ရှိသည့် လက်လှမ်းမီရာ စာအုပ်၊ စာစောင်၊ စာနယ်ဇင်းအထောက်အထား အနည်းငယ်ကိုသာ ရှာဖွေကိုးကားပြီး အရေးကြီးသည့် အလှည့်အပြောင်း သမိုင်းဖြစ်စဉ်ဖြစ်ရပ်များကိုသာ ခြုံငုံ မှတ်တမ်းတင်နိုင်ခဲ့ပါသည်။ အချိန်ယူပြီး စာအုပ်၊ စာစောင်၊ စာနယ်ဇင်းများစွာကို ဖတ်ရှုကိုးကားမည် ဆိုပါက နောက်ထပ် အရေးကြီးသည့် သမိုင်းဖြစ်စဉ်ဖြစ်ရပ် များစွာကို ထပ်မံ ရှာဖွေတွေ့ရှိ မှတ်တမ်းတင်နိုင်ဦးမည် ဖြစ်ပါသည်။

ဤစာအုပ်ပြုစုသူ၏ လုံ့လ ဝီရိယအားနည်းမှု၊ ကိုးကားစာအုပ် မပြည့်စုံမှုများကြောင့် ကျန်ရှိနေသေးသော အရေးကြီးဖြစ်စဉ်ဖြစ်ရပ်များကို ပညာရှင်များ၊ သုတေသီများက ဝိုင်းဝန်းရှာဖွေ ဖြည့်စွက်အကြံပြုကြခြင်းဖြင့် ဤစာအုပ်ထက် ပြီးပြည့်စုံသော အားကိုးအားထား ပြုလောက်သည့် ရက်စဉ်သမိုင်းကြီးတစ်စောင် ထွက်ပေါ်လာမည် ဆိုပါက အတိုင်းထက်အလွန် ဝမ်းမြောက်ဖွယ် ဖြစ်ပါလိမ့်မည်။ ပညာရှင်များ၊ သုတေသီများ ဝိုင်းဝန်းကြိုးပမ်းကြစေချင်ပါသည်။

စတုတ္ထရည်ရွယ်ချက်မှာ မြန်မာသမိုင်းစာအုပ်များတွင် ဖော်ပြပါရှိသည့် သမိုင်းဖြစ်စဉ်ဖြစ်ရပ် ရက်စွဲများ၊ တစ်အုပ်နှင့်တစ်အုပ် မတူဘဲ ကွဲလွဲချက်များ ရှိနေသည်ကို တတ်စွမ်းသမျှ ရှာဖွေဖော်ထုတ် အသိပေးလိုသည့် ရည်ရွယ်ချက် ဖြစ်ပါသည်။

စာရေးဆရာများ၊ သမိုင်းပညာရှင်များအနေဖြင့် အရေးကြီးသည့် သမိုင်းအလှည့်အပြောင်း ဖြစ်စဉ်ဖြစ်ရပ် ရက်စွဲများကို သမိုင်းမှတ်တမ်းတင် ရေးသားရာတွင် အထူးဂရုပြု၍ ပြုစုသင့်ပါသည်။ သမိုင်းစာအုပ် တစ်အုပ်နှင့် တစ်အုပ် မတူဘဲ ကွဲလွဲမှုများ မရှိသင့်ပါ။ မှတ်တမ်းတင် မှားယွင်းခြင်းဖြင့် နောင်လာနောက်သားများကို တစ်ချိန်တွင် အငြင်းပွားဖွယ် ဖြစ်လာစေနိုင်ပါသည်။ ပြုစုသူတို့က အမှားအယွင်းများကို မှတ်တမ်းတင်ခဲ့ခြင်းဖြင့် စာပေတာဝန် မကျေပွန်ရာရောက်ပြီး ရှက်ဖွယ်ရာလည်း ဖြစ်ပါလိမ့်မည်။

ဤစာအုပ်ကို ပြုစုသူအနေဖြင့် ရှာဖွေဖတ်ရှု မှတ်သားမိသလောက် စာအုပ်အများစုက မှတ်တမ်းတင်ပေးထားသည့် သမိုင်းဖြစ်ရပ်များကို အမှန်ဟု သဘောထားပြီး ယင်းရက်စွဲများကို တည်ပုဒ်အဖြစ် မှတ်တမ်းတင်ပါသည်။ အခြားစာအုပ်များတွင် မှတ်တမ်းတင်သည့် ကွဲလွဲချက်များကို နောက်ဆက်တွဲတွင် ဖော်ထုတ် မှတ်တမ်းတင်ပေးထားပါသည်။ ရက်စွဲကွဲလွဲချက် များစွာ ကျန်ရှိနိုင်ပါသေးသည်။ ပညာရှင်များ၊ သုတေသီများက ရှာဖွေဖော်ထုတ် ညှိနှိုင်း ရေးသားပေးခြင်းဖြင့်သာ ဖြစ်ရပ်ရက်စွဲအမှန်များကို မှတ်တမ်းတင်နိုင်ပါလိမ့်မည်။ နောင်လာနောက်သားတို့အတွက် တစ်ချိန်တွင် ကွဲလွဲချက်များကို စုပေါင်း၍ အဖြေမှန် ဖော်ထုတ်ပေးကြရန် ဖြစ်ပါသည်။

အထက်ဖော်ပြပါ ရည်ရွယ်ချက်လေးချက်ဖြင့် မိမိစွမ်းအားရှိသလောက် အတတ်နိုင်ဆုံး ပြည့်စုံအောင် ကြိုးစား ပြုစုပေးထားပါသည်။ သမိုင်းဖြစ်စဉ်ဖြစ်ရပ်များကိုသာ ရက်စွဲထုတ်နုတ်ပြီး တိုတိုတုတ်တုတ် ဖော်ပြမည်ဆိုပါက ဖြစ်သော်လည်း စာဖတ်သူတို့ အကျိုးအတွက် အသင်းအဖွဲ့တို့တွင် ပါဝင်လှုပ်ရှားခဲ့သည့် နိုင်ငံရေးခေါင်းဆောင်တို့၏ အမည်စာရင်းများကိုပါ တတ်နိုင်သလောက် ရှာဖွေဖော်ထုတ် ပြုစုပေးထားပါသည်။ သို့အတွက် ရက်စဉ်သမိုင်း မှတ်တမ်းနှင့်မတူဘဲ အနည်းငယ် သွေဖည်သွားသော်လည်း ပိုမိုပြည့်စုံသည့် နိုင်ငံရေးသမိုင်းမှတ်တမ်းအဖြစ် အကျိုးများနိုင်သည်ဟု ရိုးသားစွာ ယုံကြည်ပါသည်။ လုံးဝ ပြီးပြည့်စုံခြင်း မရှိသေးသော်လည်း အတိုင်းအတာတစ်ခုအထိ ပြည့်စုံသော စာအုပ်တစ်အုပ်အဖြစ် ထင်မြင်ပါသည်။

ဤစာအုပ်ကို ပြုစုရာတွင် မြန်မာနိုင်ငံ၏ ၁၈၈၅ ခုနှစ် မတိုင်မီ ပဒေသရာဇ်ခေတ်နှင့် ၁၉၄၈ ခုနှစ်နောက်ပိုင်း လွတ်လပ်ရေးရပြီး ပါလီမန်ဒီမိုကရေစီခေတ်တို့ မပါဝင်ဘဲ ၁၈၈၅ ခုနှစ်နှင့် ၁၉၄၈ ခုနှစ်ကြား သူ့ကျွန်ဘဝ ကိုလိုနီခေတ်ကိုသာ ရွေးထုတ်ပြုစု မှတ်တမ်းတင်ပေးထားပါသည်။

ဤသို့ ရွေးထုတ်ပြုစု ရခြင်းမှာလည်း ဆရာကြီး ဒေါက်တာသန်းထွန်းက ဦးတိက္ခဓမ္မာလင်္ကာရ ပြုစုသော "မြန်မာရက်စွဲသမိုင်း (ကုန်းဘောင်ဆက်)" စာအုပ်၏ မိတ်ဆက်အမှာစာ (၂၇-၂-၆၉ မန္တလေး)တွင် "အခုပုံနှိပ်ပြီးတဲ့ စာအုပ်ကို နမူနာထားပြီး စာတန်းမှတ်တမ်း စုပြီး ဆောင်းပြီး ရှိသူတွေက ဗြိတိသျှခေတ်၊ လွတ်လပ်ရေးခေတ်တွေအတွက် အားကိုးတစ်ခု ရလောက်အောင် ဆက်လုပ်ကြရင်လည်း ကောင်းပါတယ်။ တက္ကသိုလ်နဲ့ စာသင်ကျောင်းတွေ၊ စာကြည့်တိုက်တွေမှာ လက်စွဲကျမ်းဖြစ်လာမယ်လို့ ကျွန်တော် ယုံကြည်ပါတယ်" ဟု ရေးသားခဲ့သဖြင့် ဆရာကြီး၏ ဆန္ဒနှင့်အညီ ပြုစုခဲ့ခြင်း ဖြစ်ပါသည်။

ထို့ကြောင့် ဤစာအုပ်သည် အထက်ဖော်ပြပါ စာအုပ်နှင့် တစ်ဆက်တစ်စပ်တည်း ဖတ်ရှုလေ့လာနိုင်သော ဒုတိယတွဲစာအုပ် ဖြစ်ပါသည်။ တစ်နည်းဆိုသော် "မြန်မာရက်စွဲသမိုင်း (ဗြိတိသျှခေတ်)" စာအုပ် ဖြစ်ပါသည်။

၁၈၈၅ ခုနှစ်မတိုင်မီ ပဒေသရာဇ်ခေတ်ဟောင်း မြန်မာ့နိုင်ငံရေးတွင် ဘုရင်၊ မိဖုရားနှင့် ဆွေတော်မျိုးတော်တို့၏ အကြောင်းအရာများ၊ တစ်နည်းဆိုရသော် ရာဇဝင်အကြောင်းအရာများကသာ အများဆုံး လွှမ်းမိုးနေသဖြင့် သာမန်ပြည်သူလူထုအများစု၏ လူမှုရေးဘဝ၊ နိုင်ငံရေးလှုပ်ရှားမှုများက ပေါ်လွင်ထင်ရှားခြင်းမရှိဘဲ မှေးမှိန်နေခဲ့ပါသည်။

၁၈၈၅ ခုနှစ်နောက်ပိုင်း နယ်ချဲ့အင်္ဂလိပ်တို့၏ သူ့ကျွန်ဘဝ ရောက်ခဲ့ပြီးသည့် အခါမှစ၍ တိုင်းရင်းသားပြည်သူလူထုအများစု၏ လွတ်လပ်ရေးကြိုးပမ်းမှုသမိုင်းသည် မြန်မာ့နိုင်ငံရေးသမိုင်းစစ်စစ် ဖြစ်လာခဲ့ပါသည်။ စိတ်ဝင်စားဖွယ်ရာ နိုင်ငံရေးဖြစ်စဉ်ဖြစ်ရပ် အလှည့်အပြောင်းများစွာတို့သည်လည်း ဤကိုလိုနီခေတ်တွင်မှ တဖြည်းဖြည်းချင်း ဖြစ်ပေါ်တိုးတက် ပြောင်းလဲလာခဲ့ပါသည်။ နောက်ဆုံး လွတ်လပ်ရေးရသည့် ကာလအထိ မြန်မာတို့၏ နိုင်ငံရေး လှုပ်ရှားကြိုးပမ်းမှုများသည် အံ့မခန်းဖြစ်ခဲ့သည်ကို လေ့လာတွေ့ရှိနိုင်ပါသည်။

သို့ဖြစ်၍ ဤစာအုပ်ကို ပြုစုရာတွင် မြန်မာသမိုင်းစဉ်ထဲက လွတ်လပ်ရေးကြိုးပမ်းမှု နိုင်ငံရေးအကြောင်းအရာများကိုသာ ဦးစားပေး ရွေးထုတ် မှတ်တမ်းတင် ပြုစုပေးထားပါသည်။ ထို့ကြောင့် "မြန်မာ့လွတ်လပ်ရေးကြိုးပမ်းမှု ရက်စဉ်သမိုင်း" ဟူ၍ အမည်ပေးပါသည်။

ဤစာအုပ်သည် ကိုလိုနီခေတ် မြန်မာ့နိုင်ငံရေး အတိတ်သမိုင်း ဖြစ်သလို မြန်မာ့လွတ်လပ်ရေး ကြိုးပမ်းမှုသမိုင်းလည်း ဖြစ်ပါသည်။ ဤစာအုပ်ကို ဖတ်ရှုပြီး မျက်မှောက်ကာလနှင့်ယှဉ်ကာ သင်ခန်းစာထုတ်နုတ် ကောက်ချက်ချနိုင်ကြမည် ဆိုလျှင် အနာဂတ်မြန်မာ့နိုင်ငံရေးကို မှန်းဆ ပုံဖော်နိုင်ကြလိမ့်မည်ဟု ရိုးသားစွာ ယုံကြည်ပါသည်။

ဤစာအုပ်ကို ဖတ်ရှုရာတွင် ချို့ယွင်းချက်၊ အားနည်းချက်၊ အမှားအယွင်းများ ပါရှိသည်ကို တွေ့ပါသော် ပြုစုသူ၏ တာဝန်သာ ဖြစ်ပါ၍ မေတ္တာဖြင့် ခွင့်လွှတ်စေချင်ပါသည်။

ဤစာအုပ်ကို ပြုစုရာတွင် ကိုးကားခွင့် ရရှိခဲ့သော စာအုပ်၊ စာစောင်၊ စာနယ်ဇင်းများကို ပြုစုရေးသားခဲ့သည့် စာပေပညာရှင်ကြီးများကိုလည်း ဦးညွတ်ဂါရဝပြုပါသည်။

စာလုံးပေါင်းသတ်ပုံနှင့် ပတ်သက်၍ ထိုခေတ် ထိုအခါက အခေါ်အဝေါ် အမည်များအတိုင်း သုတေသနထုံးအရ ပြင်ဆင်ခြင်းမပြုဘဲ မူလအတိုင်း ထားရှိပါကြောင်း တင်ပြအပ်ပါသည်။

ဖိုးအောင်လေး